**ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး**

**ညောင်လေးပင်ခရိုင်**

**မြန်မာနိုင်ငံအတွင်း စစ်အာဏာရှင်တစ်စုမှနိုင်ငံတော် အာဏာအားအတင်းအဓမ္မလုယူခြင်းအပေါ်**

**ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးညောင်လေးပင်ခရိုင်၏ သဘောထားထုတ်ပြန်ကြေငြာချက်**

**နေ့စွဲ-၂၊၃၊၂၀၂၁**

၁။လက်ရှိစစ်အာဏာရှင်တစ်စုမှ နိုင်ငံတော်အာဏာအား အတင်းအဓမ္မလုယူခြင်း နှင့် ပတ်သက်၍ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းရုံး ညောင်လေးပင်ခရိုင်မှ ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး ဗဟို အလုပ်မှုဆောင်ကော်မတီ၏ သဘောထား ထုတ်ပြန်ကြေငြာ ချက်များ အတိုင်း လိုက်နာဆောင် ရွက်သွားမည်။

၂။ယနေ့ပြည်သူတရပ်လုံး၏ အမျိုးသားရေး တာဝန်အရ စစ်အာဏာရှင်တစ်စုမှ နိုင်ငံတော် အာဏာကို အတင်းအဓမ္မလုယူခြင်းအပေါ် အကြမ်းမဖက်သောနည်းမျိုးစုံဖြင့် ပြည်သူဆန္ဒဖေါ်ထုတ်ခြင်း များ အား ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး ညောင်လေးပင်ခရိုင်မှ အပြည့်အဝ ထောက်ခံပြီး တတ်စွမ်းသမျှ ပြည်သူတရပ်လုံး နှင့် အတူအောင်မြင်သည်အထိ ကူညီပံ့ပိုးသွားမည်။

၃။၁၉၄၇ခုနှစ် လွတ်လပ်ရေးရပြီးသည်မှစ၍ ယခုတိုင်မကြာခဏစစ် အာဏာသိမ်းခြင်းသည် ကမ္ဘာအ လယ်၌ တိုင်းပြည် နှင့် ပြည်သူတရပ်လုံး၏ ဂုဏ်သိက္ခာကို လွန်စွာညှိုးနွမ်းစေသော ၊ ထိခိုက်စေ သောလုပ်ရပ်ဖြစ်သည်ဟု မှတ်ယူသည်။

၄။ထို့ကြောင့် ယခုအာဏာသိမ်းမှု လုပ်ရပ်များကိုရပ်တန့်ရန် ယင်းကဲ့သို့ လုပ်ဆောင်ခဲ့သူများ နောက်သို့ မလိုက်ရန် နှင့် မိမိတို့မှ ပြည်သူလူထု တရပ်လုံး နှင့် အတူတကွ ညီညီညွတ်ညွတ်ဖြင့် အာဏာသိမ်းယူသူများကျဆုံးသည် အထိအကြမ်းမဖက်သောနည်း တိုက်ပွဲဝင်သွားရန် အသိပေး တိုက်တွန်းအပ်ပါသည်။

အလုပ်အမှုဆောင်ကော်မတီ
ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး
ညောင်လေးပင်ခရိုင်

ဆက်သွယ်ရန်-(၀၉၇၆၇၃၉၂၉၃၇)